# 2025-2026 မိဘနှင့် ရပ်ရွာအဖွဲ့အစည်း ပါဝင်သက်ဆိုင်သူများတို့၏ စုစည်းပါဝင်ပေါင်းစပ်ထားသော LEA တိုးတက်မှုအစီအစဉ်ဆိုင်ရာ ကြည့်ရှုစစ်ဆေးမှု နှင့် ထည့်သွင်းပါဝင်မှု

**ဗာကျူရယ် တွေ့ဆုံဆွေးနွေးပွဲ - Zoom**

မတ်လ 25 ရက်၊ 2025

နေ့ခင်း 12:30 – နေ့ခင်း 2:00 နာရီ

**မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပွဲ**

Administrative Instructional Complex (AIC ဘုတ်အဖွဲ့အခန်း)

1701 Mountain Industrial Blvd Stone Mountain, GA 30083

မတ်လ 25 ရက်၊ 2025

ညနေ 18:00 နာရီ - 19:30 နာရီ

DeKalb County School District

# ဆွေးနွေးမှုအစီအစဉ်

- ရည်ရွယ်ချက်
- စုစည်းပါဝင်ပေါင်းစပ်ထားသော ဒေသခံ ပညာရေး အေဂျင်စီ တိုးတက်ဆောင်ရွက်မှု အစီအစဉ် (CLIP) ဆိုသည်မှာ မည်သို့နည်း။
- ခရိုင်၏ မဟာဗျူဟာ ရည်မှန်းချက်ပန်းတိုင်များ
- ဖယ်ဒရယ် ပရိုဂရမ်အစီအစဉ်များအကြောင်း အကျဉ်းချုပ် နှင့် ခရိုင်၏ ရည်မှန်းချက်ပန်းတိုင်များအတွက် ၎င်းတို့၏ ပံ့ပိုးထောက်ပံ့ပေးပုံများ
- မိဘ နှင့် အသိုင်းအဝိုင်း၏ အချက်အလက်ဖြည့်သွင်းချက်
- DCSD FY26 မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်

DeKalb County School District

# ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု

ပါဝင်သက်ဆိုင်သူများသည် DeKalb ကောင်တီကျောင်းခရိုင်အတွင်းရှိ ကျောင်းသားများ၏ လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးရန်နှင့်ပတ်သက်၍ ဖက်ဒရယ်နှင့် ပြည်နယ် ထပ်ဆောင်း ရန်ပုံငွေများအား မည်သို့ အသုံးပြုနေလျက်ရှိကြောင်းကို သိရှိပိုင်ခွင့် ရှိပါသည်။

ပါဝင်သက်ဆိုင်သူများသည် ခရိုင်နှင့် စာသင်ကျောင်းတစ်ဝှမ်း အစီအစဉ်များအတွက် တုံ့ပြန်မှတ်ချက်များနှင့် ထည့်သွင်းပါဝင်မှုတို့ကို ထောက်ပံ့ပေးအပ်နိုင်ပါသည်။

# ပန်းတိုင် ဧရိယာများ နှင့် ဆောင်ရွက်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက်များ

## နည်းဗျူဟာပိုင်းဆိုင်ရာ အစီအစဉ် 2024-2029 အကျဉ်းချုပ်

### ပန်းတိုင် ဧရိယာ 1 — တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု



1.1 ကျောင်းသားများ အားလုံးအတွက်ဟု ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် စာပေ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။
1.2 ကျောင်းသားများ အားလုံးအတွက်ဟု ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။
1.3 4 နှစ် နှင့် 5 နှစ် အုပ်စု ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများ တိုးတက်လာစေရန်။
1.4 ကျောင်းသားများ အားလုံးသည် ပညာရေးအစီအစဉ်များနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူခွင့်ရရှိကြောင်းနှင့် ပံ့ပိုးထောက်ပံ့မှုများ ရရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်
1.5 ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု ဆောင်ရွက်ချက် ညွှန်းကိန်း (CCRPI) ဖြင့် တိုင်းတာချက်အရ ကျောင်းသား ပညာရေး တိုးတက်ကြီးထွားမှုများ တိုးတက်လာစေရန်။
1.6 တီထွင်ဆန်းသစ်မှုရှိသော နည်းပညာအား အသုံးပြု၍ ဒီဂျစ်တယ် စာပေ ကျွမ်းကျင်မှုများတွင် ကျောင်းသားများ၏ ကျွမ်းကျင်တတ်မြောက်မှုအား မြှင့်တင်ဆောင်ရွက်သွားရန်။

### ပန်းတိုင် ဧရိယာ 2 — စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း၏ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု



2.1 ပါဝင်သက်ဆိုင်သူများ၏ နှစ်သက်အလိုဆန္ဒရှိရာများ ပြည့်မီစေဖို့အလို့ငှာ အသေးစိတ်တိုင်းတာစီမံဆောင်ရွက်ထားသည့် ရှင်းလင်းမြင်သာမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သော သက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအား ထုတ်ပြန်သွားဖို့ငှာ မိသားစု၊ စာသင်ကျောင်း နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအား အားဖြည့်တင်းရန်။
2.2 ခရိုင်တစ်ဝှမ်း ကနဦးအစပြုဆောင်ရွက်မှုများအား ပံ့ပိုးထောက်ပံ့ပေးသည့် ပူးပေါင်းဆောင်ရွက်မှုများအား ပျိုးထောင်ဖို့အလို့ငှာ ခရိုင်၊ မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်များ နှင့် စီးပွားရေးလုပ်ငန်းများတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများအား ဖန်တီးသွားရန်။
2.3 ရှင်းလင်းမြင်သာမှုရှိ၍ အချိန်မှန်ပေးပို့သော သက်ဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှုရှိကြောင်း သေချာစေရန်အလို့ငှာ ပါဝင်သက်ဆိုင်သူများအတွက် ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်သွားရန်။
2.4 ဘာသာစကားမျိုးစုံသော မိသားစုများနှင့်အတူ ထိရောက်စွာ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု ပြုလုပ်နိုင်စေရန် နှင့် ခရိုင်နှင့် စာသင်ကျောင်း သတင်းအချက်အလက်များသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူနိုင်ခွင့်အား ထောက်ပံ့ပေးသွားရန် အစရှိသည်တို့အတွက်ငှာ ရှင်းလင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများအား ထုတ်ပြန်သွားရန်။

### ပန်းတိုင် ဧရိယာ 3 — အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု



3.1 ကမ္ဘာ့အဆင့်မီ တီထွင်ဆန်းသစ်မှုရှိသော အရည်အချင်းရှိသူများအား ရောင်ပြန်ထင်ဟပ်မှုရှိသည့် မတူကွဲပြားစုံလင်၍ မြင့်မားစွာ အရည်အချင်းပြည့်မီသော လုပ်အားထုတစ်ခုအား ငှားရမ်း၊ ခန့်အပ်သွားရန်။
3.2 အရည်အသွေးကောင်းမွန်သော သင်ကြားပို့ချမှု နှင့် သင်ယူလေ့လာမှု အထွက်ရလဒ်များ၊ တီထွင်ဆန်းသစ်မှုရှိသော လုပ်အားထု နှင့် ရှုပါရုံမျှော်မှန်းချက်များ မြင့်မားသော ခေါင်းဆောင်များ အစရှိသည်တို့အား သေချာစေရန်အလို့ငှာ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများအား ပျိုးထောင်သွားရန်။
3.3 အစိတ်အပိုင်းတစ်ခုချင်းအလိုက် ခရိုင် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည်ခံဆောင်နိုင်စွမ်းနှင့် ထိရောက်အစွမ်းထက်မှုတို့အား သေချာစေရန်အလို့ငှာ အရေးကြီးသော လိုအပ်ချက်များရှိသည့် ရာထူးနေရာများမှ မြင့်မားစွာ ထိရောက်စွမ်းဆောင်နိုင်သော ဝန်ထမ်းများအား ထိန်းသိမ်းထားနိုင်ရန်။
3.4 မရှိမဖြစ်လိုအပ်သော အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည် အောင်မြင်စွာရပ်တည်နိုင်စွမ်းအား သေချာစေရန်အလို့ငှာ သော့ချက်ကျသော ဝန်ထမ်း ရာထူးနေရာများတွင် လစ်လပ် ဝန်ထမ်းနေရာအား အဆင်သင့်ဖြည့်သွင်းနိုင်ရန် လမ်းကြောင်းအစီအစဉ်များ ရေးဆွဲထားရန်။

# ပန်းတိုင် ဧရိယာများ နှင့် ဆောင်ရွက်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက်များ (အဆက်)

## ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ

**ပန်းတိုင် ဧရိယာ 4**



4.1 စာသင်ကျောင်းများ အားလုံးသည် ကျောင်းသားများနှင့် ဝန်ထမ်းများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ စည်းစနစ်တကျရှိကာ ပံ့ပိုးထောက်ပံ့မှုပြုပေးနိုင်သည့် သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုအား ထောက်ပံ့ပေးနိုင်ကြောင်း သေချာအောင် ဆောင်ရွက်ရန်။

4.2 စာသင်ကျောင်းများ အားလုံးတွင် ဖွဲ့စည်းပုံ ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နှင့် အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများနှင့် ပံ့ပိုးထောက်ပံ့မှုများ (PBIS) အစီအစဉ်များအား အသုံးပြုသည့် စာသင်ကျောင်း အရေအတွက်များ နှစ်စဉ် တိုးတက်မှုရှိလာစေရန်။

4.3 အပြုသဘောဆောင်၍ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိသော စာသင်ကျောင်း အတွေ့အကြုံအား ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသားများ၏ အတန်းတက်ရောက်မှုအား တိုးတက်ဆောင်ရွက်သွားရန်။

4.4 စာသင်ကျောင်းများ အားလုံးတွင် အခြေအနေဆိုးရွားမြင့်တက်လာမှုအား ထိန်းသိမ်းသည့် နည်းစနစ် နှင့် အန္တရာယ်အခြေအနေ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု (CPI) နည်းဗျူဟာများတို့နှင့်ပတ်သက်ပြီး ထရိန်နင်သင်တန်း ရရှိထားသော ဝန်ထမ်းများ ရှိကြောင်း သေချာအောင်ဆောင်ရွက်ရန်။

## စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု

**ပန်းတိုင် ဧရိယာ 5**



5.1 အပြုသဘောဆောင်သည့် စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံမှုတို့အား မြှင့်တင်ပေးနိုင်သော အန္တရာယ်ကင်းလုံခြုံမှုရှိကာ ပံ့ပိုးထောက်ပံ့မှုပြုပေးသည့် ပတ်ဝန်းကျင်များအား ဖန်တီးပေးသွားရန်။

5.2 ကောင်းမွန်စွာ စီမံခန့်ခွဲထားသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်များအား ပျိုးထောင်သွားရန်အလို့ငှာ စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သည့် အကြောင်းအရာ၊ အချက်အလက်များအပေါ် သတိပြုသိရှိမှုအား တိုးမြှင့်ဆောင်ရွက်သွားရန်။

5.3 စာသင်ခန်း အမူအကျင့်နှင့် မိတ်ဆွေအပေါင်းအဖော် ဆက်ဆံရေးများအား တိုးတက်ကောင်းမွန်လာစေရန်ငှာ စိတ်ကျန်းမာရေး ပံ့ပိုးထောက်ပံ့ပေးသည့် ဝန်ထမ်းများအား တိုးမြှင့်သွားရန်။

5.4 စိတ်ကျန်းမာရေးနှင့်ပတ်သက်၍ ကျွမ်းကျင် သင်ယူလေ့လာမှု အခွင့်အလမ်းများတွင် ဝန်ထမ်းများ၏ ပါဝင်မှုအား တိုးချဲ့သွားရန်။

## အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးလုပ်ဆောင်နိုင်မှု

**ပန်းတိုင် ဧရိယာ 6**




6.1 ကျောင်းသားများ အားလုံးအတွက် သန့်ရှင်းသေသပ်၍ လုံခြုံအန္တရာယ်ကင်းကာ ထိရောက်သော စာသင်ကျောင်း ဝန်ဆောင်ထောက်ပံ့မှုများ ထောက်ပံ့ပေးသွားရန်။

6.2 ကျောင်းသားများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန်။

6.3 ကျောင်းသားများ အားလုံးအတွက် ထိရောက်သော စာသင်ကျောင်း အစာအဟာရ ဝန်ဆောင်မှုများနှင့် ကျန်းမာသော အစားအသောက်များ ထောက်ပံ့ပေးရန်။

6.4 ကျောင်းသားများ အားလုံးအတွက် လုံခြုံမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သည့်အပြင် တန်းတူညီမျှမှုရှိသော ဒီဂျစ်တယ် သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား တိုးတက်ဆောင်ရွက်သွားရန် နှင့် ထိန်းသိမ်းပေးသွားရန်။

6.5 ခရိုင် အရင်းအမြစ်များနှင့်ပတ်သက်၍ အကောင်းဆုံးသော ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအား သေချာအောင် ဆောင်ရွက်သွားရန်။




# ဖယ်ဒရယ် အစီအစဉ်များ အကျဉ်း

DeKalb County School District

## ခေါင်းစဉ် I ၊ အပိုင်း A - အခွင့်မသာမှုဖြစ်သော ကျောင်းသားများ၏ ပညာရေး အောင်မြင်မှုအား တိုးတက်စေခြင်း

ကလေးများအားလုံး စိန်ခေါ်မှုအခက်အခဲများရှိသော ပြည်နယ် ပညာရေး စံချိန်စံနှုန်းသတ်မှတ်ချက်များနှင့် ပြည့်မီမှုရှိကြောင်း သေချာစေရန် အလို့ငှာ ကျောင်းသားတိုင်းအောင်မြင်ရေး အက်ဥပဒေ (ESSA) မှ ပြင်ဆင်သတ်မှတ်ထားသည်နှင့်အညီ မူလတန်းနှင့် အလယ်တန်း ပညာရေး အက်ဥပဒေ (ESEA) ၏ ခေါင်းစဉ် I ၊ အပိုင်း A (ခေါင်းစဉ် I) သည် ဝင်ငွေနည်းမိသားစုများမှလာသော ကလေးများ အရေအတွက်များစွာရှိသည့် သို့မဟုတ် ရာခိုင်နှုန်းများစွာရှိသည့် ကျောင်းခရိုင်များ နှင့် စာသင်ကျောင်းများတို့အတွက် ငွေကြေး ပံ့ပိုးထောက်ပံ့မှုများအား ထောက်ပံ့ပေးသည်။

## ခေါင်းစဉ် I ၊ အပိုင်း C - ရွှေ့ပြောင်း ကလေးများ၏ ပညာရေး

ခေါင်းစဉ် I ၊ အပိုင်း C ဂရန့်များသည် ရွှေ့ပြောင်း ကလေးငယ်များနှင့် ၎င်းတို့၏ မိသားစုများအတွက် အရည်အသွေးမြင့်မား၍ အလုံးစုံပါဝင်သော ပညာရေး အစီအစဉ်များ ရရှိစေဖို့အလို့ငှာ အမျိုးမျိုးသော ပံ့ပိုးထောက်ပံ့မှု ဝန်ဆောင်မှုများအား ထောက်ပံ့ပေးပြီး၊ မကြာခဏ ရွှေ့ပြောင်းရသည့်အတွက်ကြောင့်ငှာ ပညာရေးပိုင်းတွင် အနှောင့်အယှက်ဖြစ်ရမှုများနှင့် အခြားသော ပြဿနာများအား ကူညီ လျော့ချပေးသည်။

DeKalb County School District

## ခေါင်းစဉ် II ၊ အပိုင်း A -ပညာပေးသူများအတွက် ကျွမ်းကျင်အတတ်ပညာရှင် ဖွံ့ဖြိုးတိုးတက်မှု

ခေါင်းစဉ် II ၊ အပိုင်း A ရန်ပုံငွေများသည် k-12 ဆရာ၊ဆရာမများ နှင့် ကျောင်းအုပ်များအား အလုပ်ခန့်အပ်ရေး၊ အလုပ်ထိန်းထားရေး နှင့် ပရော်ဖက်ရှင်နယ် ဖွံ့ ဖြိုးတိုးတက်မှုများ ထောက်ပံ့ရေး အစရှိသည်တို့နှင့် ဆက်နွယ်သော ရည်ရွယ်ချက်များအတွက်ဌာ ရန်ပုံငွေများအား ထောက်ပံ့ပေးသည်။

## ခေါင်းစဉ် III ၊ အပိုင်း A -အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာသူများ နှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ကျောင်းသားများအတွက် ဘာသာစကားဆိုင်ရာ သင်ကြားပို့ချမှု

"ရွှေ့ပြောင်းအခြေချနေထိုင်သူ ကလေးငယ်များနှင့် လူငယ်များတို့ အပါအဝင် အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာသူများ (EL များ) အနေနှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုရှိပြီး၊ အင်္ဂလိပ်ဘာသာစကားဖြင့် မြင့်မားသော ပညာရေးဆိုင်ရာ အောင်မြင်မှုများ ရယူနိုင်ကြောင်း သေချာစေရန်အလို့ငှာ" ရန်ပုံငွေများ ထောက်ပံ့ပေးသည်။ [အပိုင်း 3102 (1)]

EL ကျောင်းသားများ၊ ၎င်းတို့၏ ဆရာ၊ဆရာမများ နှင့် ၎င်းတို့၏ မိသားစုများတို့အတွက် စာသင်ကျောင်း၏ တရားဝင် ဝတ္တရားများထက်ပင် ကျော်လွန်သော ဖြည့်စွက် ဝန်ဆောင်မှုများ နှင့် လှုပ်ရှားဆောင်ရွက်မှုများတို့ကို ထောက်ပံ့ပေးသည်။



## ခေါင်းစဉ် IV ၊ အပိုင်း A




## (IDEA)

## ခေါင်းစဉ် IV ၊ အပိုင်း A - ကျောင်းသား ပံ့ပိုးမှု နှင့် ပညာရေး အသိကြွယ်ဝမှု

ခေါင်းစဉ် IV ၊ အပိုင်း A ရန်ပုံငွေများသည် အောက်ဖော်ပြပါတို့အတွက်ဌာ ပြည်နယ်များ၊ LEA များ၊ စာသင်ကျောင်းများနှင့် ဒေသခံရပ်ရွာအဖွဲ့အစည်းများ အစရှိသည်တို့၏ စွမ်းဆောင်ရည်များကို တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားများ၏ ပညာရေး အောင်မြင်ရရှိမှု တိုးတက်လာစေဖို့ရန် ရည်ရွယ်သည် -

- ကျောင်းသားများအားလုံးတို့အား ကောင်းမွန်-ပြည့်စုံသော ပညာရေးအခွင့်အလမ်းများ ရရှိစေရန် ပံ့ပိုးပေးခြင်း၊
- ကျောင်းသား လေ့လာမှုအတွက် ကျောင်း အခြေအနေများအား တိုးတက်ကောင်းမွန်စေခြင်း၊ နှင့်
- ကျောင်းသားများ အားလုံး၏ ပညာရေး အောင်မြင်ရရှိမှု နှင့် ဒီဂျစ်တယ် စာပေ ကျွမ်းကျင်မှု တိုးတက်လာစေဖို့ရန်ဌာ နည်းပညာ အသုံးပြုမှုများ တိုးတက်လာစေခြင်း (ESA ပုဒ်မ 4101)

## မသန်မစွမ်းဖြစ် ပုဂ္ဂိုလ်များတို့၏ ပညာရေး အက်ဥပဒေ (IDEA)

IDEA သည် အစိုးရကျောင်းများက မသန်မစွမ်းဖြစ်သည့် ကျောင်းသားများတို့၏ ပညာရေးဆိုင်ရာ လိုအပ်မှုများကို အထူးပညာရေး ဝန်ဆောင်မှုများနှင့် အောက်ပါ သတ်မှတ်ချက်များ အပါအဝင်တို့အား  ပံ့ပိုးပေးခြင်းအားဖြင့် လုပ်ဆောင် ပေးကြောင်း သေချာစေရန် US ဖယ်ဒရယ်ပြဋ္ဌာန်းချက်တစ်ခု ဖြစ်ပါသည် -

- အခမဲ့ဖြင့် သင့်လျော်သော လူထု ပညာရေးကို အာမခံပေးခြင်း (FAPE)
- မသန်မစွမ်းဖြစ်သည့် ကျောင်းသားများ မိမိတို့၏ အဆင့်မြင့် ပညာရေး၊ အလုပ်အကိုင်၊ နှင့် မှီခိုရကင်းသော အသက်မွေးမှု အတွက် ပြင်ဆင်နေသည့်အလျောက် တစ်မူထူးသော လိုအပ်မှုများကို မိမိတို့ ရရှိကြောင်း သေချာစေခြင်း
- ပြည်သူပိုင် မဟုတ်သော (ပုဂ္ဂလိက/အိမ်) ကျောင်းများတွင် မိမိတို့၏ မိဘများမှ စာရင်းသွင်းထားပေးသည့် ဝန်ဆောင်မှုများ နှင့် အကျိုးခံစားခွင့်များကို မသန်မစွမ်းဖြစ်သည့် ကျောင်းသားများ ရရှိနိုင်ကြောင်း သေချာစေခြင်း

DeKalb County School District

## ခေါင်းစဉ် IX ၊ အပိုင်း A - McKinney-Vento အိမ်ခြေရာမဲ့ ပံ့ပိုးထောက်ပံ့မှုဆိုင်ရာ အက်ဥပဒေ

- သော့ချက်ကျသည့် ထောက်ပံ့မှုများ -
  - ၎င်းသည် စာရွက်စာတမ်း သို့မဟုတ် အိမ်ရာ အခြေအနေများ အစရှိသည်တို့ မည်သို့ပင်ဖြစ်ပါစေ စာသင်ကျောင်းများတွင် ချက်ချင်း စာရင်းသွင်းအပ်နှံနိုင်မှုအား သေချာစေမည် ဖြစ်သည်။
  - ၎င်းသည် အိမ်ခြေရာမဲ့ ကျောင်းသားများ၏ တမူထူးခြားသော လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးဖို့ရာ အထူး ဒီဇိုင်းရေးဆွဲထားသည့် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့အတွက် ရန်ပုံငွေအား ထောက်ပံ့ပေးသည်။
  - ၎င်းသည် အိမ်ခြေရာမဲ့ ကလေးများနှင့် လူငယ်များတို့အား "အတည်တကျ ပုံမှန် နေထိုင်နိုင်မည့်အပြင် ညအချိန်အား လုံလောက်စွာ ကုန်ဆုံးနိုင်သည့် နေထိုင်ရာနေရာတစ်ခု ကင်းမဲ့သူများ" အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး၊ ဤတွင် ခိုလှုံရာနေရာများ၊ မိုတယ်များ သို့မဟုတ် လမ်းပေါ်တွင် နေထိုင်နေရသူများတို့ ပါဝင်သည်။

## ယာယီမွေးစားစောင့်ရှောက်မှုဆိုင်ရာ ပညာရေး အက်ဥပဒေ

- သော့ချက်ကျသည့် ထောက်ပံ့မှုများ -
  - ယာယီမွေးစားစောင့်ရှောက်မှုအတွင်းရှိ ကလေးများအတွက် ပညာရေးဆိုင်ရာ တည်ငြိမ်မှုအား သေချာစေကာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေသည်။
  - ယာယီမွေးစားစောင့်ရှောက်ခံရသော ကလေးများသည် ၎င်းတို့ စောင့်ရှောက်မှုအား ရရှိသည့် သင့်တော်ရာ တူညီသည့် စာသင်ကျောင်း၌ပင် ဆက်လက် တက်ရောက်နိုင်ဖို့ သေချာအောင် ဆောင်ရွက်ပေးသည်။

# ဒေတာအချက်အလက် စစ်ဆေးမှု



- ခရိုင် စစ်ဆေးမှု ရမှတ်များ
- CCRPI
- ကျောင်းပြီးမြောက်အောင်မြင်မှု ဒေတာအချက်အလက်များ

# ရည်မှန်းချက်ပန်းတိုင် ဧရိယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

## ရည်မှန်းချက် ပန်းတိုင် ၁- တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု

- ✓ ကျောင်းသားများ အားလုံးအတွက်ပါ ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် စာပေ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။
- ✓ ကျောင်းသားများ အားလုံးအတွက်ပါ ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။
- ✓ 4 နှစ် နှင့် 5 နှစ် အုပ်စု ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများ တိုးတက်လာစေရန်။
- ✓ ကျောင်းသားများ အားလုံးသည် ပညာရေးအစီအစဉ်များနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူခွင့်ရရှိကြောင်းနှင့် ပံ့ပိုးထောက်ပံ့မှုများ ရရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။
- ✓ ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု ဆောင်ရွက်ချက် ညွှန်းကိန်း (CCRPI) ဖြင့် တိုင်းတာချက်အရ ကျောင်းသား ပညာရေး တိုးတက်ကြီးထွားမှုများ တိုးတက်လာစေရန်။
- ✓ တီထွင်ဆန်းသစ်မှုရှိသော နည်းပညာအား အသုံးပြု၍ ဒီဂျစ်တယ် စာပေ ကျွမ်းကျင်မှုများတွင် ကျောင်းသားများ၏ ကျွမ်းကျင်တတ်မြောက်မှုအား မြှင့်တင်ဆောင်ရွက်သွားရန်။

# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် I- တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု

**ခေါင်းစဉ် I ၊ အပိုင်း A –** ယာယီမွေးစားစောင့်ရှောက်ခံရသည့် ကျောင်းသားများအတွက် ထောက်ပံ့ပစ္စည်းများ၊ နည်းပညာ ကိရိယာများ၊ ပို့ဆောင်ဆက်သွယ်ရေးများ အစရှိသည်တို့ကဲ့သော ဖြည့်စွက်ထောက်ပံ့ပေးသည့် အရင်းအမြစ်များ၊ စာသင်ကျောင်း၏ လိုအပ်ချက်များအပေါ်အခြေခံကာ သင်ကြားပို့ချမှုအား တိုးမြှင့်ဆောင်ရွက်ရန်ငှာ ကျောင်းချိန်ပြီးနောက်ပိုင်းနှင့် နွေရာသီ အစီအစဉ်များ အစရှိသည်တို့ကို ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် IX ၊ အပိုင်း A (McKinney Vento)-** ကျူတိုရီရယ်၊ အကြားအာရုံ၊ အမြင်အာရုံနှင့် သွားဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ပို့ဆောင်ဆက်သွယ်ရေး ထောက်ကူပံ့ပိုးမှုများ၊ ကာကွယ်ဆေးများ၊ စာသင်ကျောင်း ထောက်ကူပစ္စည်းများ၊ စာသင်ကျောင်း အစားအသောက်များ၊ ကျောင်း ယူနီဖောင်းများ နှင့် ဘွဲ့ ဦးထုပ်နှင့် ဝန်ရုံကြေးများ အစရှိသည်တို့အတွက်ငှာ ရန်ပုံငွေများအား ထောက်ပံ့ပေးသည်။ ဤအစီအစဉ်သည် ကျောင်းသားဖြစ်သူ အကောင်းဆုံး အကျိုးအမြတ်ရရှိစေဖို့ရန်ငှာ စီစဉ်သတ်မှတ်ပေးပြီး၊ စာသင်ကျောင်း အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများအား စီမံခန့်ခွဲပေးသည်။

**ခေါင်းစဉ် I - အပိုင်း C**

- ရွှေ့ပြောင်းအခြေချနေထိုင်သူ ကလေးများအတွက် ၎င်းတို့၏ အထူး လိုအပ်ချက်များအား ထိရောက်စွာ ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော သင့်တင့်ရာ (ပံ့ပိုးထောက်ပံ့မှု ဝန်ဆောင်မှုများ အပါအဝင်) ပညာရေး ဝန်ဆောင်မှုများဖြင့် ၎င်းတို့အား ထောက်ပံ့ပေးသည်။
- ကောင်တီများနှင့် ပြည်နယ်များအကြား ရွှေ့ပြောင်းနေရသည့် ရွှေ့ပြောင်း ကလေးများအနေနှင့် သင်ရိုးညွှန်းတမ်း၊ ကျောင်းပြီးမြောက်အောင်မြင်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ ပြည်နယ် ပညာရေးဆိုင်ရာ အကြောင်းအရာများ၊ ထို့အတူ ကျောင်းသား ပညာရေးဆိုင်ရာ အောင်မြင်ရရှိမှု စံချိန်စံနှုန်းသတ်မှတ်ချက်များ အစရှိသည်တို့တွင် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ကွဲပြားခြားနားချက်များကြောင့်ငှာ နစ်နာမှုမရှိရစေရန် သေချာအောင် ဆောင်ရွက်ပေးသည်။

DeKalb County™
School District

# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် ၊- တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု

**ခေါင်းစဉ် II ၊ အပိုင်း A** –ဆရာ၊ဆရာမများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှုအား ထောက်ပံ့ပေးသည်၊ ဤသို့အားဖြင့် ၎င်းတို့သည် အရည်အသွေးမြင့်မားသော သင်ကြားပို့ချချက်များကို ထောက်ပံ့ပေးနိုင်မည် ဖြစ်သည်။

**ခေါင်းစဉ် III** – ဘာသာစကား ဖွံ့ ဖြိုးတိုးတက်မှုအား ထောက်ပံ့ရန်ငှာ (ဖြည့်စွက် အရင်းအမြစ်များ၊ ထောက်ကူပစ္စည်းများ နှင့် ပို့ဆောင်ဆက်သွယ်ရေးများတို့ အပါအဝင်) ESOL နွေရာသီ အားသစ်လောင်း ပရိုဂရမ်အစီအစဉ်များ နှင့် ကျူတိုရီရယ် ဝန်ဆောင်မှုများတို့အတွက် ရန်ပုံငွေအား ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် IV** – ကျောင်းသားများအား **ကောင်းမွန်-ပြည့်စုံသော ပညာရေးအခွင့်အလမ်းများ ရရှိစေရန်** ကွဲပြား ခြားနားသော လေ့လာသင်ယူမှု အတွေ့ အကြုံများကို မြှင့်တင်ခြင်း၊ ကျောင်းသား များအား တွေးခေါ်ဝေဖန်တတ်သူများနှင့် အကျိုးဖြစ်ထွန်းစေသော နိုင်ငံသားများ ဖြစ်လာစေရန်အတွက် လှုပ်ရှားမှုများ နှင့် အစီအစဉ်များ ပြုလုပ်ပေးခြင်း

**IDEA**- အထူး-ဒီဇိုင်းပြုထားသော သင်ကြားပို့ချမှု၊ အထူး ပညာရေး နှင့် ဆက်စပ် ဝန်ဆောင်မှုများ၊ အထောက်အကူပြု နည်းပညာများ၊ ကျောင်းစာသင်နှစ် ဝန်ဆောင်မှုများကို တိုးချဲ့ခြင်း၊ ဘာသာပြန်ခြင်း/စကားပြန်ခြင်း ဝန်ဆောင်မှုများ၊ လက်ဟန်ပြ ဆက်သွယ်မှုစနစ်အတွက် စကားပြန် များကို ပံ့ပိုးကူညီပေးခြင်း

# ရည်မှန်းချက် ပန်းတိုင် I- တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု



တန်းတူညီမျှမှု နှင့်
ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ
ကျောင်းသား၏ ပညာရေးဆိုင်ရာ
အောင်မြင်မှု

## ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု

ကျေးဇူးပြုပြီး ဤအကြိမ်တွင် အမေးအဖြေကဏ္ဍ၌ သင်၏ ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးပါ။

# ရည်မှန်းချက်ပန်းတိုင် ဧရိယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

## ရည်မှန်းချက် ပန်းတိုင် II - စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း၏ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု

- ပါဝင်သက်ဆိုင်သူများ၏ နှစ်သက်အလိုဆန္ဒရှိရာများ ပြည့်မီစေဖို့အလို့ငှာ အသေးစိတ်တိုင်းတာစီမံဆောင်ရွက်ထားသည့် ရှင်းလင်းမြင်သာမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သော သက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအား ထုတ်ပြန်သွားဖို့ငှာ မိသားစု၊ စာသင်ကျောင်း နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအား အားဖြည့်တင်းရန်။
- ခရိုင်တစ်ဝှမ်း ကနဦးအစပြုဆောင်ရွက်မှုများအား ပံ့ပိုးထောက်ပံ့ပေးသည့် ပူးပေါင်းဆောင်ရွက်မှုများအား ပျိုးထောင်ဖို့အလို့ငှာ  ခရိုင်၊ မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်များ နှင့် စီးပွားရေးလုပ်ငန်းများတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများအား ဖန်တီးသွားရန်။
- ရှင်းလင်းမြင်သာမှုရှိ၍ အချိန်မှန်ပေးပို့သော သက်ဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှုရှိကြောင်း သေချာစေရန်အလို့ငှာ ပါဝင်သက်ဆိုင်သူများအတွက် ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်သွားရန်။
- ဘာသာစကားမျိုးစုံသော မိသားစုများနှင့်အတူ ထိရောက်စွာ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု ပြုလုပ်နိုင်စေရန် နှင့် ခရိုင်နှင့် စာသင်ကျောင်း သတင်းအချက်အလက်များသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူနိုင်ခွင့်အား ထောက်ပံ့ပေးသွားရန် အစရှိသည်တို့အတွက်ငှာ ရှင်းလင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများအား ထုတ်ပြန်သွားရန်။

DeKalb County School District

(မိသားစုနှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု)



# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

**ခေါင်းစဉ် I ၊ အပိုင်း A –** မိဘနှင့် မိသားစု စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ စာသင်ကျောင်းတွင် ညှိနှိုင်းပါဝင်ဆောင်ရွက်မှု၊ မိဘဆိုင်ရာ မူဝါဒများ၊ မိဘဆိုင်ရာ စာချုပ်များ နှင့် စဉ်ဆက်မပြတ် စာသင်ကျောင်း ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွင်း ပါဝင်သက်ဆိုင်သူများတို့၏ ထည့်သွင်းပါဝင်မှု အစရှိသည်တို့အကြောင်း တိုင်ပင်ဆွေးနွေးရန်အလို့ငှာ ဒေသဆိုင်ရာ နှင့် စာသင်ကျောင်း အခြေပြုသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် တွေ့ဆုံဆွေးနွေးပွဲများတို့မှတစ်ဆင့် မိဘများအတွက် ပံ့ပိုးမှုများ ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် IX ၊ အပိုင်း A (McKinney Vento)-** ကျောင်းသား အထောက်အထား၊ စာရင်းသွင်းအပ်နှံမှု နှင့် အတန်းတက်ရောက်မှုများတို့အတွက် ပံ့ပိုးမှုများ ထောက်ပံ့ပေးသည်။ ကျန်းမာရေးဘုတ်အဖွဲ့၊ Atlanta Assistance League (ပံ့ပိုးထောက်ပံ့မှု လိဂ်)၊ Publix Charities ပရဟိတ၊ Marta Inc ၊ DeKalb Community Development (ရပ်ရွာအဖွဲ့အစည်း ဖွံ့ ဖြိုးတိုးတက်မှု)၊ DeKalb Youth Services (လူငယ် ဝန်ဆောင်မှုများ) နှင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် အရေးပေါ်အခြေအနေ ခိုလှုံရာနေရာများ အစရှိသည်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။ ဒေသခံစာသင်ကျောင်းများ၊ ဟိုတယ်များ၊ ခိုလှုံရာနေရာများ နှင့် လူမှုဝန်ဆောင်ရေး အေဂျင်စီများ အစရှိသည်တို့အတွက် ပိုစတာများနှင့် လက်ကမ်းစာစောင်များတို့မှတစ်ဆင့် အလှမ်းမီရောက်ရှိမှုအား ပံ့ပိုးထောက်ပံ့ပေးသည်။

**ခေါင်းစဉ် I - အပိုင်း C -** ဒေတာ၊ သတင်းအချက်အလက်နှင့် တုံ့ပြန်မှတ်ချက် ထောက်ပံ့ပေးခြင်း အစရှိသည်ကဲ့သို့သော အဓိပ္ပါယ်ပြည့်ဝသည့် နည်းလမ်းများတွင် ပါဝင်သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ မိဘဆိုင်ရာ အကြံပေး ကောင်စီ တွေ့ဆုံဆွေးနွေးပွဲများအား စီစဉ်ဆောင်ရွက်ပေးသည်။ အသိုင်းအဝိုင်း၏ ချိတ်ဆက်ပါဝင်မှုအတွက် DCSD လုပ်ငန်းစဉ်တွင် ပုံမှန်အားဖြင့် အီးမေးလ်၊ စာသား၊ ဝဘ်ဆိုဒ် နှင့် ပါဝင်သက်ဆိုင်သူများအား မိမိတို့ တုံ့ပြန် ချက်များပေးနိုင်ရန် နောင်လာမည့် အခွင့်အလမ်းများကို အသိပေးရန်အတွက် လက်ကမ်းကြော်ငြာစာများ ကဲ့သို့သော ဆက်သွယ်ရေးများ ပါဝင်ပါသည်။

DeKalb County School District

# ပန်းတိုင်များသို့ ပြည့်မီရောက်ရှိစေရန်တွင် DCSD ဖက်ဒရယ် အစီအစဉ်များမှ မည်သို့ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ဥပမာများ

DeKalb County
School District

ရည်မှန်းချက် ပန်းတိုင် II - စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း၏ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု

**ခေါင်းစဉ် II ၊ အပိုင်း A –** ကျွမ်းကျင် သင်ယူလေ့လာမှု အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော ဧရိယာများတွင် ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးဖို့အလို့ငှာ ပါဝင်သက်ဆိုင်သူများအတွက် အခွင့်အလမ်းများအား ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် III –** EL များ နှင့် အင်္ဂလိပ်စာ ဘာသာစကား ကျွမ်းကျင်မှု သင်ယူဆဲ မိဘများတို့အတွက် ဝန်ဆောင်မှုများနှင့် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အရင်းအမြစ်များ ထောက်ပံ့ပေးသည်။ ရန်ပုံငွေ ခွဲဝေချမှတ်မှုများတွင် ESOL ဆရာ၊ဆရာမများ၊ ကျောင်းအုပ်များနှင့် ထောက်ပံ့ရေး ဝန်ထမ်းများတို့အတွက် ခေါင်းစဉ် III ကွန်ဖရန့်ဆွေးနွေးမှုများအတွက်ပါ ပါဝင်သည်။

**ခေါင်းစဉ် IV –** ကြားဖြတ် ပူးပေါင်းဆောင်ရွက်မှု၊ မိဘဆိုင်ရာ ထည့်သွင်းပါဝင်မှု နှင့် တန်းတူညီမျှသော ပုဂ္ဂလိကကျောင်း ဆွေးနွေးတိုင်ပင်မှု အစရှိသည်တို့အတွက် အခွင့်အလမ်းများ ထောက်ပံ့ပေးသည်။

**IDEA-** မိဘဆိုင်ရာ အကြံပေးများ၊ အထူးပညာရေးဆိုင်ရာ မိဘ စစ်တမ်းများ၊ IEP တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်မှု၊ Parent University (မိဘဆိုင်ရာ တက္ကသိုလ်)၊ (ကျောင်းသားများ၊ မိဘများနှင့် ရပ်ရွာအဖွဲ့အစည်း ပါဝင်သက်ဆိုင်သူများတို့ ပါဝင်သည့်) မိဘဆိုင်ရာ သတင်းအချက်အလက်နှင့် ကူးပြောင်းမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ အစရှိသည်တို့ထံ ဝင်ရောက်ရယူခွင့်အား ထောက်ပံ့ပေးသည်။

# ရည်မှန်းချက် ပန်းတိုင် II - စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့ အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု-

DeKalb County School District

## ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု

ကျေးဇူးပြုပြီး ဤအကြိမ်တွင် အမေးအဖြေကဏ္ဍ၌ သင်၏ ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးပါ။

(မိသားစုနှင့် ရပ်ရွာအဖွဲ့ အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု)



# ရည်မှန်းချက်ပန်းတိုင် ရေးယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

**ရည်မှန်းချက် ပန်းတိုင် III- အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု**

- ကမ္ဘာ့အဆင့်မီ တီထွင်ဆန်းသစ်မှုရှိသော အရည်အချင်းရှိသူများအား ရောင်ပြန်ထင်ဟပ်မှုရှိသည့် မတူကွဲပြားစုလင်၍ မြင့်မားစွာ အရည်အချင်းပြည့်မီသော လုပ်အားထုတစ်ခုအား ငှားရမ်း၊ ခန့်အပ်သွားရန်။
- အရည်အသွေးကောင်းမွန်သော သင်ကြားပို့ချမှု နှင့် သင်ယူလေ့လာမှု အထွက်ရလဒ်များ၊ တီထွင်ဆန်းသစ်မှုရှိသော လုပ်အားထု နှင့် ရှုပါရုံမျှော်မှန်းချက်များ မြင့်မားသော ခေါင်းဆောင်များ အစရှိသည်တို့အား သေချာစေရန်အလို့ငှာ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများအား ပျိုးထောင်သွားရန်။
- အစိတ်အပိုင်းတစ်ခုချင်းအလိုက် ခရိုင် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည်ခံဆောင်နိုင်စွမ်းနှင့် ထိရောက်အစွမ်းထက်မှုတို့အား သေချာစေရန်အလို့ငှာ အရေးကြီးသော လိုအပ်ချက်များရှိသည့် ရာထူးနေရာများမှ မြင့်မားစွာ ထိရောက်စွမ်းဆောင်နိုင်သော ဝန်ထမ်းများအား ထိန်းသိမ်းထားနိုင်ရန်။
- မရှိမဖြစ်လိုအပ်သော အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည် အောင်မြင်စွာရပ်တည်နိုင်စွမ်းအား သေချာစေရန်အလို့ငှာ သော့ချက်ကျသော ဝန်ထမ်းရာထူးနေရာများတွင် လစ်လပ် ဝန်ထမ်းနေရာအား အဆင်သင့်ဖြည့်သွင်းနိုင်ရန် လမ်းကြောင်းအစီအစဉ်များ ရေးဆွဲထားရန်။

(ခန့်အပ်၊ ပျိုးထောင်၊ ထိန်းသိမ်း)



# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် III- အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု

- **ခေါင်းစဉ် I ၊ အပိုင်း A -** နည်းပြပေးခြင်း၊ စာသင်ကျောင်းအခြေပြုသည့် အလုပ်အကိုင် ကျွမ်းကျင် သင်ယူလေ့လာမှု စက်ရှင်များ၊ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် သင်ကြားပို့ချမှုဆိုင်ရာ ကွန်ဖရန့်ဆွေးနွေးပွဲများ နှင့် ခရိုင်တစ်ဝှမ်း နွေရာသီ လုပ်ငန်းကျွမ်းကျင် သင်ယူလေ့လာမှု စက်ရှင်များ အစရှိသည်တို့မှတစ်ဆင့် ဆရာ၊ဆရာမများအတွက် ပံ့ပိုးမှုများ ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် I ၊ အပိုင်း C –** အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု စက်ရှင်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရွှေ့ပြောင်း ကလေးများအတွက် ပံ့ပိုးမှုများနှင့် အရင်းအမြစ်များ ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် IX ၊ အပိုင်း A (McKinney Vento) -** လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု၊ အကြံပေးတိုင်ပင်ဆွေးနွေးမှုများ နှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် II ၊ အပိုင်း A** - အလုပ်ခန့်အပ်ရန် ကြိုးပမ်းအားထုတ်မှုများအတွက် ပံ့ပိုးမှုများ ထောက်ပံ့ပေးသည့်အပြင် ကျွမ်းကျင် သင်ယူလေ့လာမှု အခွင့်အလမ်းများအား ထောက်ပံ့ပေးသည်။

# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် III- အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု

- **ခေါင်းစဉ် III –** EL များအတွက် အင်္ဂလိပ်ဘာသာစကားနှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာ အောင်မြင်ရရှိမှုတို့အား မြှင့်တင်ပေးနိုင်သော သက်သေအထောက်အထား အခြေခံထားသည့် ကျွမ်းကျင် သင်ယူလေ့လာမှုများအား ထောက်ပံ့ပေးသည်။ ဝန်ဆောင်မှုများ၏ ထိရောက်အစွမ်းထက်မှုများအား ကြပ်မတ်စစ်ဆေးထားမည် ဖြစ်သည်။
- **ခေါင်းစဉ် IV** – လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု၊ အရင်းအမြစ်များ၊ အစီအစဉ်များ၊ ဝန်ဆောင်မှုများ၊ ထို့အပြင် အွန်လိုင်းကိုယ်ပိုင်ကျောင်း ... ပံ့ပိုးထောက်ပံ့မှုပြုပေးသည့် သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုအား ထောက်ပံ့ပေးမည့် ဝန်ထမ်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးသွားမည် ဖြစ်သည်။
- **IDEA**- လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု၊ ဥာနဆိုင်ရာ တွေ့ ဆုံဆွေးနွေးပွဲများ၊ မူဝါဒများ၊ အလေ့အကျင့်များနှင့် လုပ်ငန်းစဉ်များဆိုင်ရာ လက်စွဲ၊ လေ့လာစောင့်ကြည့်မှုများ၊ တစ်ဦးချင်း တွေ့ ဆုံဆွေးနွေးမှုများ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ အထူးပညာရေးဆိုင်ရာ ခေါင်းဆောင် ဆရာ၊ဆရာမ (LTSE) အကယ်ဒမီ၊ အသစ်သော LTSE အကယ်ဒမီနှင့် အကြံပေးနည်းပြသူများတို့အား ထောက်ပံ့ပေးထားသည်။

DeKalb County School District

# ရည်မှန်းချက် ပန်းတိုင် III- အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု

(ခန့်အပ်၊ ပျိုးထောင်၊ ထိန်းသိမ်း)




## ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု

ကျေးဇူးပြုပြီး ဤအကြိမ်တွင် အမေးအဖြေကဏ္ဍ၌ သင်၏ ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးပါ။

# ရည်မှန်းချက်ပန်းတိုင် ရေးယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

**ရည်မှန်းချက် ပန်းတိုင် IV - ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ**

- လုံခြုံအန္တရာယ်ကင်း၍ အစီအစဉ်တကျရှိကာ အပြုသဘောဆောင်သော သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုအား အားလုံးအတွက် ဖန်တီး၊ ထိန်းသိမ်းပေးခြင်း
- ပါဝင်သက်ဆိုင်သူများအားလုံးအတွက် ထူးချွန်မှုတွင် ရှင်းလင်းပြီး မြင့်မားသော မျှော်လင့်ချက်များကို တည်ထောင်ခြင်း နှင့် ထိန်းသိမ်းခြင်း
- အားလုံးအတွက် ယဉ်ကျေးမှုပိုင်းဆိုင်ရာ တုံ့ပြန်သက်ဆိုင်မှုရှိသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်များအား မွေးမြူထိန်းသိမ်းပေးခြင်း
- အားလုံးအတွက် လူမှုရေးပိုင်းဆိုင်ရာ နှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ သင်ယူလေ့လာမှုများအတွက်ဟာ ပံ့ပိုးမှုများ ထောက်ပံ့ပေးခြင်း



# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် IV - ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ

- **ခေါင်းစဉ် I ၊ အပိုင်း A -** အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုနှင့် ပံ့ပိုးထောက်ပံ့မှုများ(PBIS) ၊ လူမှုစိတ်ခံစားချက်ပိုင်းဆိုင်ရာ သင်ယူလေ့လာမှု (SEL) ၊ ထို့ပြင် ကျောင်းသားများ၏ ပညာရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များအား ပြည့်မီစေဖို့ရန်ဌာ စာသင်ကျောင်းတစ်ဝှမ်းမှ ယဉ်ကျေးမှုအား ဖွံ့ ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေရန် ထရိန်နင်သင်တန်းများ အစရှိသည်တို့ကဲ့သော ကြားဝင်ဆောင်ရွက်မှုများအတွက် အရင်းအမြစ်များအား ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် IX ၊ အပိုင်း A (McKinney Vento)-** ဌာနတွင်းဝန်ဆောင်မှုများ၊ သတင်းအချက်အလက်ပေးသည့် ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု၊ အကြံပေးနည်းပြများ၊ စာရင်းသွင်းအပ်နှံမှု အခြေအနေ၊ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး၊ အတန်းပုံမှန်တက်ရောက်မှု နှင့် စာသင်ကျောင်း အပြောင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် I ၊ အပိုင်း C -** ကျောင်းသားတိုင်း တန်ဖိုးထားခံရကြောင်းနှင့် ဒေသခံ အင်္ဂလိပ်ဘာသာစကား ပြောဆိုသည့် ကျောင်းသားများနည်းတူ စံသတ်မှတ်ချက်များနှင့်အညီ မြင့်မားသော ပညာရေး အောင်မြင်ရရှိမှုအတွက်ဌာ ပံ့ပိုးထောက်ပံ့မှုများ ရရှိကြောင်း အစရှိသည်တို့အား သေချာစေရန်အလို့ဌာ ဘာသာစကားနှစ်မျိုးအသုံးပြုသည့် ပညာရေးပိုင်းတွင် အသိဉာဏ်ကြွယ်ဝ၍ ပံ့ပိုးမှုပြုပေးနိုင်သည့် အကောင်းဆုံးသော အလေ့အကျင့်များကို ထောက်ပံ့ပေးသည်။

# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် IV - ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ

- **ခေါင်းစဉ် II ၊ အပိုင်း A –** ယဉ်ကျေးမှုနှင့် ဥတုအခြေအနေတို့နှင့်ပတ်သက်သည့် ကျွမ်းကျင်သင်ယူလေ့လာမှုများနှင့်အတူ ကျောင်းသားများ၏ ပညာရေး အောင်မြင်မှုအား ၎င်းတို့မှ မည်သို့ ပံ့ပိုးထောက်ပံ့ပေးကြောင်း အစရှိသည့် အချက်အလက်များကို ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် III –** EL များ နှင့် ရွှေ့ပြောင်းအခြေချသည့် မိသားစုများအား ပံ့ပိုးထောက်ပံ့ပေးရန်ဌာ ဒေသခံ ရပ်ရွာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ မိဘများအတွက် ကျွမ်းကျင် သင်ယူလေ့လာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား ထောက်ပံ့ပေးသည်။
- **ခေါင်းစဉ် IV –** လုံခြုံမှု နှင့် ထောက်ကူပြု သော လေ့လာမှု ပတ်ဝန်းကျင်တစ်ခုအား မြှင့်တင်ရန် နှင့် ကျောင်းသားများ၏ ကာယဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို မြှင့်တင်ရန် ကူညီပံ့ပိုးပေးသည်။
- **IDEA**- အကြံပေးနည်းပြပေးသည့် အစီအစဉ်များ၊ စောင့်ကြည့်ကြပ်မတ်မှု စည်းမျဉ်းစည်းကမ်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးပြီး၊ လူမှုရေးနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးဖို့ရန်ဌာ စာသင်ကျောင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုပြုသည်။

# ရည်မှန်းချက် ပန်းတိုင် IV - ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ

DeKalb County School District

## ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု

ကျေးဇူးပြုပြီး ဤအကြိမ်တွင် အမေးအဖြေကဏ္ဍ၌ သင်၏ ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးပါ။



# ရည်မှန်းချက်ပန်းတိုင် ဧရိယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

**ရည်မှန်းချက် ပန်းတိုင် V- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု**

- အကောင်းဆုံးသော ငွေကြေးစီမံခန့်ခွဲမှုပိုင်းဆိုင်ရာအား သေချာအောင် ဆောင်ရွက်ခြင်း
- အရင်းအမြစ်များအား ထိရောက်အစွမ်းထက်စွာ အသုံးပြုမှုရှိကြောင်း သေချာအောင်ဆောင်ရွက်ခြင်း



# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် V- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု

- **ခေါင်းစဉ် I ၊ အပိုင်း A -** ရန်ပုံငွေများ အသုံးပြုမှုကို စောင့်ကြည့်ကြပ်မတ်ပေးပြီး၊ ကျောင်းသားများ၏ ပညာရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပေးဖို့ဂှာ သက်သေအထောက်အထား အခြေခံသည့် အရင်းအမြစ်များတွင် ၎င်းရန်ပုံငွေများအား ထိရောက်စွာ အသုံးပြုထားကြောင်း၊ နှင့် အဆိုပါအသုံးပြုမှုများသည် ပြည်နယ်နှင့် ဖက်ဒရယ် လမ်းညွှန်ချက်များ၊ ဥပဒေများ အားလုံးနှင့် တစ်ညီတည်းဖြစ်ကြောင်း သေချာအောင် ဆောင်ရွက်ပေးသည်။
  - **ခေါင်းစဉ် I ၊ အပိုင်း C -** လက်ရှိ ထုတ်ပြန်ထားသော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် တစ်ညီတည်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်နယ်နှင့် ဖက်ဒရယ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောင်တီသည် အပြည့်အဝ လိုက်နာဆောင်ရွက်မှုရှိကြောင်း အစရှိသည်တို့အား သေချာစေရန်အလို့ဂှာ အစီအစဉ်များ၏ ထိရောက်အစွမ်းထက်မှုအား စောင့်ကြည့်ကြပ်မတ် စစ်ဆေးပေးသည်၊ ဖွံ့ ဖြိုးတိုးတက်ရန် လိုအပ်သေးသော ဧရိယာများအား ဖော်ထုတ်ပေးသည်၊ ထို့ပြင် စာသင်ကျောင်း မူဝါဒများအား မွမ်းမံပြင်ဆင်ပေးသည်။
  - **ခေါင်းစဉ် IX ၊ အပိုင်း A (McKinney Vento) -** ရန်ပုံငွေများအား စောင့်ကြည့်ကြပ်မတ်ပေးပြီး၊ လူမှုရေး-စိတ်ခံစားချက်ပိုင်း ဆိုင်ရာ သင်ယူလေ့လာမှု၊ သက်ဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများ နှင့် အကြံပေးတိုင်ပင်ဆွေးနွေးမှုများ အစရှိသည်တို့ကို ထောက်ပံ့ပေးသည့် အရင်းအမြစ်များသို့ ဝင်ရောက်ရယူခွင့် ရရှိကြောင်း သေချာအောင် ဆောင်ရွက်ပေးသည်။
- **ခေါင်းစဉ် II ၊ အပိုင်း A –** ရန်ပုံငွေများ အသုံးပြုမှုကို စောင့်ကြည့်ကြပ်မတ်ပေးပြီး၊ ၎င်းတို့သည် ခရိုင်၏ လိုအပ်ချက်များအပေါ် အဓိက အာရုံပြုလုပ်ဆောင်မှုရှိကြောင်း နှင့် အားလုံးသော ပြည်နယ် နှင့် ဖယ်ဒရယ် လမ်းညွှန်ချက်များတို့ဖြင့် တစ်ညီတည်းရှိကြောင်း သေချာအောင် ဆောင်ရွက်ပေးသည်။
- **ခေါင်းစဉ် III –** ရန်ပုံငွေ ခွဲဝေချမှတ်မှုများ နှင့် ဖြည့်စွက် ဘာသာစကား ဝန်ဆောင်မှုများတို့အား စောင့်ကြည့်ကြပ်မတ်ပေးပြီး၊ ၎င်းတို့သည် ပြည်နယ် နှင့် ဖယ်ဒရယ် လမ်းညွှန်ချက်များ/ဥပဒေများတို့နှင့်အညီ လိုက်နာဆောင်ရွက်မှုရှိကြောင်း သေချာအောင် ဆောင်ရွက်သည်။

# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် V- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု

- **ခေါင်းစဉ် IV** – အစီအစဉ်များ၏ ထိရောက်အစွမ်းထက်မှုအား စောင့်ကြည့်စစ်ဆေး၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးသည်၊ အစီအစဉ် လိုအပ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ခွင့်ပြုထားသော နှင့် ခွင့်ပြုထားခြင်းမရှိသော အသုံးစရိတ်များ အစရှိသည်တို့ကို စောင့်ကြည့်ကြပ်မတ်ပေးသည်၊ ထို့ပြင် အရင်းအမြစ်များအတွက် ဘဏ္ဍာရေး တာဝန်ယူ၊တာဝန်ခံမှုကို သေချာအောင် ဆောင်ရွက်ပေးသည်။
- **IDEA** - ကုန်ကျစရိတ်ဆိုင်ရာ မူစည်းမျဉ်းများဖြစ်သည့် ကျိုးကြောင်းသင့်တော်သော၊ လိုအပ်သော၊ ခွဲဝေနိုင်သော နှင့် ခွင့်ပြုထားသော ဝယ်ယူမှုအား လိုက်နာဆောင်ရွက်သည်၊ အစီအစဉ် ဂရန့် ရန်ပုံငွေများအား စီမံခန့်ခွဲသည်၊ နှစ်စဉ် ကုန်စည်စာရင်းများအား ဆောင်ရွက်သည်၊ ရန်ပုံငွေများအား ခွဲဝေပေးပြီး၊ ဘတ်ဂျက် သုံးစွဲမှုများအား စောင့်ကြည့်ကြပ်မတ်ပေးသည်၊ ဝယ်ယူမှုဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို သေချာစေရန်ဗာ ထရိန်နင်သင်တန်းများ ဆောင်ရွက်ပေးသည်၊ အစီအစဉ် လိုအပ်ချက်များအား စောင့်ကြည့်ကြပ်မတ်ပေးပြီး၊ ဘတ်ဂျက်များအား သင့်တော်သလို ပြင်ဆင်ပေးသည်၊ ကျောင်းသား အထူးပြု အစီအစဉ် လိုအပ်ချက်များအပေါ် အခြေခံကာ ဝန်ထမ်း ခွဲဝေချမှတ်မှုများအား ထောက်ပံ့ပေးသည်။

# ရည်မှန်းချက် ပန်းတိုင် V- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု




<u>ပါဝင်သက်ဆိုင်သူများ၏ ထည့်သွင်းပါဝင်မှု</u>

ကျေးဇူးပြုပြီး ဤအကြိမ်တွင် အမေးအဖြေကဏ္ဍ၌ သင်၏ ထည့်သွင်းပါဝင်မှုအား ထောက်ပံ့ပေးပါ။

# ရည်မှန်းချက်ပန်းတိုင် ဧရိယာများ နှင့် စွမ်းဆောင်မှု ရည်မှန်းချက်များ

ရည်မှန်းချက် ပန်းတိုင် VI - အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးလုပ်ဆောင်နိုင်မှု

- ကျောင်းသားများ အားလုံးအတွက် သန့်ရှင်းသေသပ်၍ လုံခြုံအန္တရာယ်ကင်းကာ ထိရောက်သော စာသင်ကျောင်း ဝန်ဆောင်ထောက်ပံ့မှုများ ထောက်ပံ့ပေးသွားရန်။
- ကျောင်းသားများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန်။
- ကျောင်းသားများ အားလုံးအတွက် ထိရောက်သော စာသင်ကျောင်း အစာအာဟာရ ဝန်ဆောင်မှုများနှင့် ကျန်းမာသော အစားအသောက်များ ထောက်ပံ့ပေးရန်။
- ကျောင်းသားများ အားလုံးအတွက် လုံခြုံမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သည့်အပြင် တန်းတူညီမျှမှုရှိသော ဒီဂျစ်တယ် သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား တိုးတက်ဆောင်ရွက်သွားရန် နှင့် ထိန်းသိမ်းပေးသွားရန်။
- ခရိုင် အရင်းအမြစ်များနှင့်ပတ်သက်၍ အကောင်းဆုံးသော ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအား သေချာအောင် ဆောင်ရွက်သွားရန်။

DeKalb County

School District



# DCSD ဖယ်ဒရယ် အစီအစဉ်များမှ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ ကူညီထောက်ပံ့ပေးကြောင်း ဥပမာများ

## ရည်မှန်းချက် ပန်းတိုင် VI - အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးလုပ်ဆောင်နိုင်မှု

ခရိုင် အရင်းအမြစ်များနှင့်ပတ်သက်၍ ငွေကြေး စီမံခန့်ခွဲမှုအား သေချာမှုရှိစေရန်၊ နှင့် အဆိုပါ ဖက်ဒရယ် ရန်ပုံငွေများဖြင့် ငွေကြေး ရင်းနှီးမြှုပ်နှံရာတွင် မြှုပ်နှံထားသည့်ငွေများ ပြန်လည်ရရှိကြောင်း သေချာစေရန် အစရှိသည့်တို့အတွက်မှာ ဖက်ဒရယ် အစီအစဉ်များ အားလုံးသည် ဘတ်ဂျက်ငွေကြေးလျာထားချက်များကို စောင့်ကြည့်ကြပ်မတ်သွားမည် ဖြစ်သည်။

**ခေါင်းစဉ် I ၊ အပိုင်း A** – ကျောင်းသားများသည် လုံခြုံစိတ်ချရသော ဒီဂျစ်တယ် သင်ယူလေ့လာမှု ပတ်ဝန်းကျင်သို့ ဝင်ရောက်ရယူအသုံးပြုနိုင်ကြောင်း သေချာစေရန်အတွက်မှာ ထောက်ကူများနှင့် နည်းပညာ ထောက်ပံ့ကိရိယာများတို့ကဲ့သော ဖြည့်စွက် အရင်းအမြစ်များကို ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် III** - ဒီဂျစ်တယ် သင်ယူလေ့လာမှု အရင်းအမြစ်များအား အသုံးပြုသည့် ဘာသာစကား ဖွံ့ ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးသည်။

**ခေါင်းစဉ် IV** - သက်ရောက်မှုအားကောင်းသော ပညာရေး အတွေ့ အကြုံများကို ဖန်တီးပေးရန်အလို့ငှာ နည်းပညာအား အကောင်းဆုံး အသုံးချ၍ ကျောင်းသားဖြစ်သူ၏ အောင်မြင်ရရှိမှုများ တိုးမြင့်လာစေရန် ဆောင်ရွက်ပေးသည်။




# DCSD မိဘ နှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်

DeKalb County School District™

# မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်

- ခေါင်းစဉ် I ရန်ပုံငွေများအား လက်ခံရရှိသည့် DeKalb ကောင်တီကျောင်းခရိုင် (DCSD) အနေနှင့် ဝန်ဆောင်မှုများအား လက်ခံရရှိသော ကလေးများ၏ မိဘများနှင့် မိသားစုဝင်များတို့ထံ ရေးသားထားသော မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်တစ်ခုအား ပူးပေါင်းရေးဆွဲ၊ သဘောတူလက်ခံ၊ ဖြန့်ဝေထောက်ပံ့ပေးရမည် ဖြစ်သည်။

- DCSD မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ် (PFEP) သည် ခရိုင်အနေနှင့် ခေါင်းစဉ် I အစီအစဉ်များအတွင်းမှ မိဘများ၏ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအတွက်ဗှာ အစီအစဉ်များ၊ လုပ်ရှားဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များတို့အား မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားမည် ဖြစ်သည်။

- ၎င်းအစီအစဉ်သည် မိဘများနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ DCSD ၏ မျှော်မှန်းချက်များ၊ ထို့အတူ ခရိုင်/စာသင်ကျောင်းများအနေနှင့် အဆိုပါ PEEP သတ်မှတ်ချက်များကို မည်သို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစရှိသည်တို့ကို ထုတ်ပြန်ဖော်ပြထားမည် ဖြစ်သည်။

DeKalb County
School District

# မိဘ နှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ မူဝါဒ/စီမံကိန်း

အောက်ဖော်ပြပါ URL ၌ နမူနာကြည့်ရှု၍ ရနိုင်ပါသည် -

https://www.dekalbschoolsga.org/title-i/

သို့မဟုတ်

QR ကုဒ် ကို စကင်ဖမ်းပါ

DeKalb County School District

# မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ/အစီအစဉ်

## ရန်ပုံငွေများ အရန်ထိန်းသိမ်းထားရှိမှု

DeKalb ကောင်တီကျောင်းခရိုင်သည် ခေါင်းစဉ် I ၊ အပိုင်း A စာသင်ကျောင်းများတွင် ဝန်ဆောင်မှုများ ရရှိလျက်ရှိသော ကလေးများ၏ မိဘများနှင့် မိသားစုဝင်များအား ခေါင်းစဉ် I ၊ အပိုင်း A ရန်ပုံငွေများ၏ 1 ရာခိုင်နှုန်းကို မိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်ရေးအတွက် မည်သို့ သုံးစွဲသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်များတွင် ပါဝင်ဆောင်ရွက်စေမည် ဖြစ်ပြီး၊ ၎င်းမိဘနှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိရေးအတွက်ဌာ အရန်ထိန်းသိမ်းထားသည့် အဆိုပါ 1 ရာခိုင်နှုန်း၏ 90 ရာခိုင်နှုန်းထက်မနည်းသော ရန်ပုံငွေများသည် ခေါင်းစဉ် I စာသင်ကျောင်းများသို့ ရောက်ရှိသွားကြောင်း သေချာအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

| | |
|---|---|
| **လစာများ** | • DCSD ဒေသဆိုင်ရာ မိဘ စင်တာ စီစဉ်ဆောင်ရွက်ပေးသူများ |
| **ပံ့ပိုးကူညီမှုများ/ ရင်းမြစ်များ** | • DCSD ဒေသဆိုင်ရာ မိဘ စင်တာများ<br>• ခရိုင်တစ်ဝှမ်းလုံးရှိ မိဘဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ |
| **ဆက်သွယ်ပြောဆိုမှု** | • ခေါင်းစဉ် I မိဘများထံ ဆက်သွယ်ပြောဆိုမှုများနှင့် စာရွက်စာတမ်းများအား ထိပ်တန်း ဘာသာစကား 15 မျိုးသို့ ဘာသာပြန်ဆိုပေးခြင်း<br>• ခရိုင် မိဘဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများအတွက် စကားပြန်များ |
| **အခြား** | • ခေါင်းစဉ် I အရ ခရိုင်တစ်ဝှမ်း မိဘစုံညီ ဆွေးနွေးပွဲ<br>• မိဘစင်တာ စီစဉ်ဆောင်ရွက်ပေးသူ၏ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ခရီးစရိတ် နှင့် သွားလာမှုတို့အတွက် ပြန်လည်ပေးလျော်မှု |

DCSD မိဘများသည် ပါဝင်ဆောင်ရွက်မှုပြုရန် နှင့် ခေါင်းစဉ် I ရန်ပုံငွေ အရန်ထိန်းသိမ်းထားရှိမှုအား အသုံးပြုခြင်းနှင့်ပတ်သက်၍ ထည့်သွင်းပါဝင်မှုများ၊ အကြံပြုထောက်ခံချက်များ နှင့် အကြံပြုချက်များ အစရှိသည်တို့ကို ထောက်ပံ့ပေးရန် အခွင့်အလမ်းများအား အောက်ဖော်ပြပါ ကာလများအတွင်း ရရှိကြမည် ဖြစ်သည်။

- ခေါင်းစဉ် I မိဘ နှင့် မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ ခရိုင် ထည့်သွင်းပါဝင်မှု တွေ့ဆုံဆွေးနွေးပွဲများ နှင့် ထရိန်နင်သင်တန်းများ
- ခေါင်းစဉ် I ကျောင်းအဆင့် မိဘနှင့် မိသားစု ပါဝင်ဆောင်ရွက်ရေး ဒေသတွင်း အစည်းအဝေးများ

DeKalb County
School District

# DCSD CLIP တုံ့ပြန်မှတ်ချက် လျှောက်လွှာဖောင်

## စစ်တမ်း

[https://survey.sogolytics.com/r/b9zcQv](https://survey.sogolytics.com/r/b9zcQv)

Parent & Family Engagement အစီအစဉ်ကို စိစစ်ပြင်ဆင်ခြင်းအတွက် သင့်တွင် မည်သည့် အကြံပြုချက်များ/ထောက်ခံချက်များ ရှိပါသနည်း။




# တုံ့ပြန်မှတ်ချက်ဆိုင်ရာ လမ်းညွှန်ချက်

# သင့်ဘာသာစကားကို ရွေးချယ်ပါ

Please select a language to proceed

| | | | | | | |
|---|---|---|---|---|---|---|
| العربية | Burmese | Kiswahili | English | دری | Français | हिंदी |
| ကညီ | አማርኛ | नेपाली | বাংলা | Soomaali | پښتو | Español |
| ትግርኛ | Việt | | | | | |

DeKalb County School District 2025-2026 Title I CLIP Input Meeting Feedback Form

✱ Required Information

✱Select your role from the options below.

- ○ Administrator
- ○ Community Member
- ○ Custodian
- ○ District Office Personnel
- ○ Front Office Staff
- ○ Paraprofessional
- ○ Parent Liaison
- ○ Parent/Guardian
- ○ School Nutrition Staff
- ○ Student
- ○ Teacher

## ✱In which community do you reside?

Characters Remaining: 100

# သင်၏အခန်းကဏ္ဍအား ရွေးချယ်ပါ

* Select the meeting you are attending from the options below.

- ◉ March 25, 2025 12:30 PM (virtual)
- ○ March 25, 2025 6:00 PM (face-to-face)

# သင်၏ တွေ့ ဆုံဆွေးနွေးမည့် အချိန်အား ရွေးချယ်ပါ

# တုံ့ပြန်မှတ်ချက်များ ထောက်ပံ့ပေးခြင်း

DeKalb County School District 2025-2026 Title I CLIP Input Meeting Feedback Form

✱ Required Information

✱ Goal Area I: Student Academic Success with Equity and Access

Based on the information shared, do you have any feedback on ways to improve student mastery of learning standards, courses and / or pathways, and increase the graduation rate?

- ○ Yes
- ○ I desire no changes

DeKalb County

School District

သင်၏ ထည့်သွင်းပါဝင်မှု နှင့်
ပါဝင်ဆောင်ရွက်ပေးမှုအတွက်
ကျေးဇူးတင်ပါသည်။